2021. 09. 18

# SINGAPORE

## HISTORY OF REDEMPTION SEMINAR

Lecture 1

HORA
The History of Redemption for All Nations

ရွေးနှုတ်ကယ်တင်ခြင်းသမိုင်း သင်တန်း(၁)

ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်း၏ ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာ အစီအမံ

(၁ ရာဇချုပ် ဖ်း၄၉-၅၃)

ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်းများကို ရာဇဝင်ချုပ်ပထမစောင် အခန်းကြီး (၁)မှ (၉)အထိ မှတ်တမ်းတင်ထားပါသည်။

(၁) ဆွေစဉ်မျိုးဆက်စာရင်းများသည် ရွေးနှုတ်ကယ်တင်ခြင်းသမိုင်းကို အမည်နာမပေါင်း ၁၁၅၉ ခု ဖြင့် ချုပ်ကာဖေါ်ပြထားပါသည်။

| အခန်း(၁) | အခန်း(၂) | အခန်း(၃) | အခန်း(၄) | အခန်း(၅) | အခန်း(၆) | အခန်း(၇) | အခန်း(၈) | အခန်း(၉) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁၉၁ | ၁၆၁ | ၈၉ | ၁၄၈ | ၆၀ | ၁၁၉ | ၁၄၀ | ၁၂၈ | ၁၂၃ | ၁၁၅၉ |

(၂) ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်းက ကျမ်းစာသမိုင်းကို အကျဉ်းချုပ်ကာ များစာဖော်ပြ ထားပါသည်။

အာဒံမှစ၍ ဗာဗုလုန်သိမ်းသွားခြင်းမှပြန်လာသည့် အချိန်ထိ နှစ်ပေါင်း (၃၇၀၀) ကြာ မြင့် သော ကျယ်ပြန့်သည့်သမိုင်းကို မှတ်တမ်းတင်ထားပါသည်။

၁။ ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်းထဲရှိအခန်းတတိုင်း၌ ပါဝင်သည့် အရာများ

| | |
|---|---|
| အခန်း(၁) | အာဒံမှယာကုပ် (ဧသော)အထိဆွေစဉ်မျိုးဆက်စာရင်း |
| အခန်း(၂) | ယုဒသားများ၏ ဆွေစဉ်မျိုးဆက်စာရင်း |
| အခန်း(၃) | ဒါဝိဒ်၏သားများဖြစ်သည့် ယုဒရှင်ဘုရင်တို့၏ ဆွေစဉ်မျိုးဆက်စာရင်း |
| အခန်း(၄) | ယုဒအနွယ်၊ ရှိမောင်အနွယ် |
| အခန်း(၅) | ရုဗင်အနွယ်၊ ဂဒ်အနွယ်၊ မနာရှေအနွယ်တစ်ဝက် (ယော်ဒန်မြစ်အရှေ့ခြမ်း) |
| အခန်း(၆) | လေဝိနှင့် ယဇ်ပုရောဟိတ်ဆွေစဉ်မျိုးဆက် (၁ရာချုပ် ဖ်း၅၀-၅၃)၊<br>ယဇစ်ပုရောဟိတ်မင်းဆိုင်ရာ ဆွေစဉ်မျိုးဆက်စာရင်း |
| အခန်း(၇) | ဣသခါအနွယ်၊ ဘင်ဂျမင်အနွယ်၊ နသာလိအနွယ်၊ မနာရှေအနွယ်တစ်ဝက်<br>ဧဖရိမ်အနွယ်၊ အာရှာအနွယ် |
| အခန်း(၈) | ဘင်ဂျမင်အနွယ်၏ ဆွေစဉ်မျိုးဆက်စာရင်း |
| အခန်း(၉) | သိမ်းသွားခြင်းမှ ပြန်လာသူများ၊ ယဇ်ပုရောဟိတ်နှင့်<br>လေဝိတို့၏ ဆွေစဉ်မျိုးဆက်စာရင်း |

၂။ ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်းများ၏ ဝိသေသလက္ခဏာများ

(၁) ယုဒနှင့် ဘင်ဂျမင်အနွယ်တို့ကို ဦးစားပေးမှု၊
ယုဒအနွယ်(အခန်းကြီး ၂/၄)နှင့် ဘင်ဂျမင်အနွယ် (အခန်းကြီး ၇/၈) တို့ကို နှစ်ကြိမ်စီ ဖော်ပြထားသည်။

(၁) အဘယ်ကြောင်းနည်း
ရှောလမုန်မင်းကြီး အနိစ္စရောက်ပြီးနောက် တောင်ပိုင်းယုဒပြည်နှင့် မြောက်ပိုင်း ဣသရေလပြည်အဖြစ် နှစ်ခြမ်းကွဲသည့် အခါ၊ ၎င်းအနွယ်(၂)စု တို့သည် တောင်ပိုင်း ယုဒပြည်၌ ပါဝင်ခဲ့ကြသည်။

ဓမ္မရာဇဝင်တတိယစောင် ၁၂း၂၁_ "ရောဗောင်သည် ယေရုရှလင်မြို့သို့ရောက်သောအခါ၊ ဣသရေလအမျိုးကို စစ်တိုက်၍ နိုင်ငံတော်ကို ရှောလမုန်သား ရောဗောင်လက်သို့ရောက်စေခြင်းငှါ၊ ဗယ်္ာမိန်အမျိုးနှင့်တကွ ယုဒအမျိုးသားအပေါင်းတို့နှင့် ရွေးချယ်သော စစ်သူရဲတစ်သိန်းရှစ်သောင်း တို့ကို စုဝေးစေ၏။

(၂) တောင်းပိုင်းပြည်၌ ပါဝင်ခြင်းသည် မည်သည့် သဘောသက်ရောက်ပါသနည်း။
ထိုအမျိုးအနွယ် (၂)စုတို့သည် ဘုရားသခင်၏ ပဋိညာဉ်ကို စောင့်ထိန်းသည့် သဘော သက်ရောက်ပါသည်။

ဓမ္မရာဇဝင် ဒုတိယစောင် ၇း၁၂ - ၁၃ ထဲ၌ ပါရှိသည့် ဒါဝိဒ်နှင့် စပ်ဆိုင်သော ပဋိညာဉ်၌ မေရှိယသည်ဒါဝိဒ်၏ အနွယ်မှ ဆင်းသက်မည်ဟု ကတိပြုထားပါသည်။

၂ ဓမ္မ ၇း၁၂ - ၁၃ _ "သင်သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့် အတူအိပ်ပျော်သောအခါ သင်၏ ရင်သွေး၊ သင်မဆင်းသက်သောသားကို ငါချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင်မည်။ ထိုသားသည် ငါ၏နာမအဘို့အိမ်ကို ဆောက်လိမ့်မည်။ သူထိုင်သောရာဇပလ္လင်ကို အစဉ်အမြဲငါတည် စေမည်။"

(၃) ပဋိညာဉ်ကို စောင့်ထိန်းသူတို့အတွက် အရာရာသည် လုံခြုံမှုရှိ၍ အစီအစဉ် တကျ ရှိပေမည်။

၂ ဓမ္မ ၂၃း၅ – "ငါ့အမျိုးအနွယ်သည် ဘုရားသခင်ရှေ့တော်၌ မြဲမြံသည်မဟုတ်လော။ သေချာစွာ စီရင်၍ မပျက်နိုင်သော နိစ္စပဋိညာဉ်ကို ငါနှင့်ဖွဲ့တော်မူပြီ။ ထိုပဋိညာဉ်သည် ချက်ချင်းမပြည့်စုံ သော်လည်း၊ ငါ့ကိုကယ်တင်ရာအကြောင်း၊ ငါအားရနှစ်သက်ရာအကြောင်း ဖြစ်၏။"

(၂) လေဝိနှင့် ယဇ်ပုရောဟိတ်တို့၏ ဆွေစဉ်မျိုးဆက်ကို ဦးစားပေးမှုလေဝိနှင့် ယဇ်ပုရောဟိတ်တို့၏ ဆွေစဉ်မျိုးဆက်စာရင်းကို အခန်းကြီး(၆)နှင့် အခန်းကြီး(၉) တို့၌ နှစ်ကြိမ်ဖော်ပြထားပါသည်။ ရာဇဝင်ချုပ်ပထမစောင် အခန်းကြီး (၆)သည် အပိုဒ်ပေါင်း (၈၁)ပိုဒ် ပါရှိပြီး အခန်းကြီး (၁ မှ ၉) အတွင်း အရှည်လျားဆုံးသော အခန်းဖြစ်ပါသည်။

အကြောင်းရင်းကား အဘယ်နည်း။

၁. လေဝိတို့ကို ဘုရားသခင်၏တဲတော်အမှုများ ထမ်းဆောင်ရန် ခွဲခန့်ထားပါသည်။

၁ ရာချုပ် ၆း၄၈ – "သူတို့၏ညီအစ်ကိုဖြစ်သော လေဝိသားတို့သည်၊ ဘုရားသခင် ကျိန်းဝပ်တော်မူရာ တဲတော်အမှုအမျိုးမျိုးစောင့်သောအရာ၌ ခန့်ထားခြင်းကိုခံရ၏"

၎င်းသည် ယနေ့ခေတ်ဘုရားသခင်၏ အသင်းတော်အတွက် ကျွန်ုပ်တို့၏ အမှုတော်ဆောင် ခြင်းအရေးပါပုံကိုဖော်ပြနေပါသည်။

ကောလောသဲ ၁း၂၄ – "ငါပေါလုသည် ထိုတရားကိုဟောသောဆရာဖြစ်သည်နှင့် သင်တို့အဘို့အလို့ငှါဆင်းရဲခြင်း၌ ယခုဝမ်းမြောက်၍၊ ခရစ်တော်၏ ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဘို့အလို့ငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏။"

(၂) ယဇ်ပုရောဟိတ်တို့သည် မီးရှို့ရာယဇ်ပလ္လင်နှင့် နံ့သာပေါင်းယဇ်ပလ္လင်တို့၌ ယဇ်ပူဇော်ကြသည်။

၁ ရာချုပ် ၆း၄၉ – "အာရုန်နှင့် သူ၏သားစဉ်မြေးဆက်မူကား၊ ယဇ်ကောင်ကို မီးရှို့ရာပလ္လင်နှင့် နံ့သာပေါင်းကို မီးရှို့ရာပလ္လင်ပေါ်မှာ ပူဇော်လျက်၊ အလွန်သန့်ရှင်းရာ ဌာနတော်

အမှုအလုံးစုံကို စောင့်လျက်၊ ဘုရားသခင်၏ ကျွန်မောရှေမှာထားသမျှအတိုင်း၊ ဣသရေလအမျိုး၏ အပြစ်ကို ဖြေရသောသူဖြစ်ကြ၏။"

ယခုအခါ၌၊ ကျွန်ုပ်တို့သည် ယဇ်ပုရောဟိတ်များဖြစ်ကြသည်။

၁ ပေ ၂း၉ _ "သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်ထဲသို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။

၎င်းသည် ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းနှင့် ဘုရားသခင်ထံဆုတောင်းခြင်း အရေးပါပုံကို ဖော်ပြနေသည်။ နှုတ်ကပါတ်တော်နှင့် ဆုတောင်းခြင်းမရှိပါက မည်သူမျှမစင်ကြယ်နိုင်ပါ။

၁ တိမောသေ ၄း၅ _ " အကြောင်းမူကား၊ ဘုရားသခင်၏ နှုတ်ကပါတ်တော်တရားအားဖြင့်၎င်း၊ ဆုတောင်းခြင်း အားဖြင့်၎င်း၊ အရာရာတို့သည် စင်ကြယ်လျက်ရှိကြ၏။

၃။ ဤဆွေစဉ်မျိုးဆက်စာရင်းသည် မဿဲအခန်းကြီး(၁) ထဲ၌ပါရှိသောဆွေစဉ်မျိုးဆက်စာရင်းနှင့် ဆက်နွယ်မှုရှိပါသည်။

(သိက္ခာတော်ရဆရာကြီး အာဖြံဟံပါတ်(ခ်) ပထမဦးဆုံးအစီအစဉ်တကျ ဖော်ပြခဲ့ပါသည်)

ဟေဗြဲကျမ်းစာ (ဓမ္မဟောင်းကျမ်း)၏နောက်ဆုံးစာစောင်သည် ရာဇဝင်ချုပ်စာစောင်များဖြစ်သည်။

ဓမ္မသစ်ကျမ်း၏ ပထမဦးဆုံးစာစောင်သည် ရှင်မဿဲခရစ်ဝင်ကျမ်းဖြစ်သည်။

ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့သည် မည်သို့ဆက်စပ်နေပါသနည်း။

ဆွေစဉ်မျိုးဆက်စာရင်းများအားဖြင့် ဆက်စပ်လျက်ရှိနေပါသည်။

မဿဲ ၁း၁၃ ထဲ၌ပါရှိသည့် ဇေရုဗဗေလ၏ နောက်ဆုံးမျိုးဆက်အဖြစ် ဖော်ပြထားသည့် အချုပ်သည် မည်သူနည်း။ ရာဇဝင်ချုပ်ပထမစောင်အခန်းကြီး (၃) အရ ဇေရုဗဗေလ၏ နောက်ဆုံးမျိုးဆက်သည် မောဒါယဖြစ်သည်။

| ၁ရာချုပ် (၃) | ဇေရုဗဗေလ အငယ်(၁၉) | ဟာနနိ အငယ်(၁၉) | ရှေခနိ အငယ်(၂၁) | ရှေမာယ အငယ်(၂၂) | နာရိ အငယ်(၂၃) | ဧလိသြနဲ အငယ်(၂၄) | ဟောဒါယ အငယ်(၂၄) |
|---|---|---|---|---|---|---|---|
| မဿဲ(၁) | ဇေရုဗဗေလ | | | | | | |

ဤအရာပေါ်၌ အခြေခံသည့်အခါ၊ ဟောဒါယနှင့် အဘိဟုသည် လူတစ်ဦးတည်းသာ ဖြစ်ကြောင်းတွေ့ရသည်။

ဟောဒါယသည် Hoday Vahu ဟူသည့် ဟေဗြဲစကားဖြစ်၍ အဓိပ္ပါယ်မှာ သခင့်ဘုန်းတော်ဖြစ်သည်။
အဘိဟုသည် Abihud ဟူသည့် ဟေဗြဲစကားဖြစ်၍ အဓိပ္ပါယ်မှာ အဘဘုန်းတော်ဖြစ်သည်။
ဘုရားသခင်၏ ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာ အစီအမံအရ, မဿဲဆွေစဉ်မျိုးဆက်စာရင်းသည် ဆွေစဉ်မျိုးဆက်(၁၄)ဆက်အဖြစ်အချုပ်ဖော်ပြနိုင်ရန်အတွက် ဇေရုဗဗေလနှင့် ဟောဒါယကြားရှိ လူငါးဦးကို ချန်လှပ်ထားခဲ့သည်။

(၃) ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်းရှိ သားဦးဆိုင်ရာအမြင်

၁ ရာချုပ် ၅း၁-၂ _ "ရုဗင်သည် ဣသရေလ၏သားဦးဖြစ်သော်လည်း၊ အဘအိပ်ယာကို ညစ်ညူးစေသောကြောင့်၊ သားဦးအရာကို နှုတ်ယူပြီးလျှင်၊ ဣသရေလ၏သားဖြစ်သော ယောသပ်၏ သားတို့အားပေးသည်ဖြစ်၍ သားစဉ်မြေးဆက်တို့ကို မှတ်သောအခါ၊ သားဦးအရာကို လိုက်၍မမှတ်ရ၊ ယုဒသည်လည်း ညီအစ်ကိုတို့တွင် လွန်ကဲ၍ သူ၏အမျိုးထဲက မင်းဖြစ်တတ်သော်လည်း၊ သားဦးအရာကိုမရ၊ ယောသပ်ရ၏။"

(၁) ရုဗင်သည် ကိုယ်ကာယအားဖြင့် သားဦးဖြစ်သည်။
သို့သော် ဖခင်၏ အိပ်ရာကို ညစ်ညူးစေသဖြင့် သားဦးအရာကို ဆုံးရှုံးခဲ့ရသည်။ (ကမ္ဘာ ၄၉း၃-၄)။

ကမ္ဘာဦး ၃၅း၂၂_ "ထိုအရပ်၌ နေသော အခါ၊ ရုဗင်သည်သွား၍ အဘ၏မယားငယ်၊ ဗိလဟာနှင့် အိပ်လေး၏။ ထိုသတင်းကို ဣသရေလကြား၏။"

(၂) ယောသပ်သည် ဝိညာဉ်ရေးရာအရသားဦးဖြစ်သည်။

(၁) ယုံကြည်ခြင်းနှင့်ဆိုင်သည့် ဟေဗြဲ အခန်းကြီး (၁၁)ထဲ၌ ယုံကြည်ခြင်းအမွေခံ အဖြစ် ယာကုပ်ပြီးနောက် ယောသပ်ကိုဖော်ပြထားပါသည်။

ဟေဗြဲ ၁၁း၂၀-၂၂_ "ဣဇက်သည်လည်းယုံကြည်ခြင်းအားဖြင့် အနာဂတ်အရာတို့ကို အမှတ်ပြု၍ ယာကုပ်နှင့် ဧသောကို ကောင်းကြီးပေး၏။ ယာကုပ်သည်လည်း သေချိန်နီးသော အခါ ယုံကြည်ခြင်းအားဖြင့် ယောသပ်၏သားနှစ်ယောက်ကို ကောင်းကြီးပေး၍ တောင်ဝေး ထိပ်အပေါ်မှာ ကိုးကွယ်လေ၏။ ယောသပ်သည် သေဆဲရှိသောအခါ၊ ယုံကြည်ခြင်းအားဖြင့် ဣသရေလ အမျိုးသားတို့၏ ထွက်မြောက်ရာကိုပြု၍ မိမိအရိုးတို့၏ အကြောင်းကိုမှာထား လေ၏။

(၂) ကမ္ဘာဦးကျမ်းထဲရှိဆွေစဉ်မျိုးဆက်စာရင်း၌ ယောသပ်ကို ချန်လှပ်ထားခဲ့သည်။

ကမ္ဘာဦး ၄၈း၅-၆,_ "သင်နေသော အဲဂုတ္တုပြည်သို့ ငါမရောက်မှီ၊ အဲဂုတ္တုပြည်၌ သင်ရနှင့် သောသားနှစ်ယောက် ဖေရိမ်နှင့် မနာရှေတို့သည် ငါ့သားဖြစ်ရမည်။ ရုဗင်နှင့် ရှိမောင်ကဲ့သို့ ငါ့သားဖြစ်ရမည်။ နောက်မှ သင်ရသောသားတို့သည် သင်၏ သားဖြစ်၍ မိမိအမွေခံရာတွင် မိမိအစ်ကိုတို့ အမည်ဖြင့် သမုတ်ရကြမည်။"

ထိုအချိန်မှစ၍ ယောသပ်ကို ဆွေစဉ်မျိုးဆက်စာရင်းမှ ချန်လှပ်ထားခဲ့ပြီး သူ့သားနှစ်ဦး ဖြစ်သည့် ဖေရိမ်နှင့် မနာရှေ တို့သည်ယောသပ်အစားမျိုးနွယ်(၁၂)စု၌ ပါဝင်လာခဲ့သည်။

(၃) သင့်သားသမီးများမွေးဖွားသည့်သူများကား မည်သူနည်း။

(၃) ယုဒသည် ဆွေစဉ်မျိုးဆက်ဆိုင်ရာသားဦးဖြစ်သည်။

၁ ရာချုပ် ၅း၂_ "ယုဒသည်လည်းညီအစ်ကို တို့တွင် လွန်ကဲ၍သူ၏ အမျိုးထဲကမင်း ဖြစ်သော်လည်း၊ သားဦးအရာကိုမရ၊ ယောသပ်ရ၏။"

မဿဲ ၁း၂_ "အာဗြဟံသား ဣဇက်၊ ဣဇက်သားယာကုပ်၊ ယာကုပ်သား ယုဒ မှစ၍ ညီနောင်တစ်စု။" ဆွေစဉ်မျိုးဆက်စာရင်းအရ သခင်ယေရှုသည် ယုဒအနွယ်မှ ဆင်းသက်လာ

သော်လည်း အမှန်တကယ်၌မူ သူသည် ဝိညာဉ်တော်အားဖြင့်ပဋိသန္ဓေဖြစ်တည်လာခြင်း ဖြစ်သောကြောင့် ဆွေစဉ်မျိုးဆက်မရှိပဲ မွေးဖွားလာခြင်းသာဖြစ်သည်။

မဿဲ ၁း၁၈_ "ယေရှုခရစ်သည် ဘွားမြင်ခြင်းကို ခံတော်မူသော အကြောင်းအရာ ဟူမူကား၊ မယ်တော် မာရိသည် ယောသပ်နှင့် ထိမ်းမြားဆောင်နှင်း၍ မရှက်တင်မီတွင် သန့်ရှင်းသော ဝိညာဉ်တော်ကြောင့်ပနိသန္ဓေစွဲနေ၏။

(၄) ယာဗက်၏ဆွေစဉ်မျိုးဆက်ကို ဦးစားပေးခြင်း

ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်း၌ အမည်နာမများကို ဆက်တိုက်ဖော်ပြနေစဉ် ယာဗက်၏ အကြောင်းကို အသေးစိတ်ဖော်ပြနေခြင်းမှာထူးခြားပါသည်။

(၁) ယာဗက်သည် ယုဒ၏ဆွေစဉ်မျိုးဆက်ဖြစ်သည်။

ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်းသည် ယုဒ၏ဆွေစဉ်မျိုးဆက်ကို ဦးစားပေး ထားပြီး ယာဗက်ကိုလည်းအထူးအလေးပေးဖော်ပြပါသည်။ သို့ဖြစ်ပါ၍၊ ယာဗက်သည် ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်စာရင်း၏ အထူးဦးစားပေးဖော်ပြခြင်းခံရသူဖြစ်သည်။

၁ရာချုပ် ၄း၉-၁၀ _ "ထိုအဆွေအမျိုး၌ ယာဗက်သည်ထူးဆန်းသော သူဖြစ်၏။ သူ၏အမိက၊ ငါသည်ပြင်းစွာသောဝေဒနာကိုခံ၍ ဤသားကိုမြင်ရပြီဟု ဆိုလျက် ယာဗက်အမည်ဖြင့်မှည့်၏။ ယာဗက်ကလည်း၊ ကိုယ်တော်သည် ကျွန်ုပ်ကို အစဉ်ကောင်းကြီးပေး၍ ကျွန်ုပ်နေရာကို ကျယ်ဝန်း စေတော်မူပါ။ အကျွန်ုပ်သည် ဘေးဥပဒ်အန္တရာယ်အယှက်နှင့် ကင်းလွတ်ပါမည်အကြောင်း၊ လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍ ကွယ်ကာစောင့်မတော်မူပါဟု ဣသရေလအမျိုး၏ ဘုရားသခင်အား ဆုတောင်းတတ်၍ ကောင်းသောဆုကို ဘုရားသခင်ပေးသနားတော်မူ၏။

(၂) ယာဗက်သည် ဗာဗုလုန်သို့ သိမ်းသွားခြင်းမှ ပြန်လာသူများကို ကိုယ်စားပြုသည်။

| ယာဗက် | ဗာဗုလုန်မှပြန်လာသည့် ဣသရေလလူမျိုးများ |
|---|---|
| နာကျင်မှုဖြင့်မွေးဖွားလာသူ<br>(၁ ရာချုပ် ၄း၉) | ဗာဗုလုန်မှ ပြန်ရောက်လာသူ၊<br>နာကျင်မှုများစွာခံရသည့်နေရာ |
| သူ၏တောင်းဆိုမှုကို ဘုရားပေးခဲ့သည် (၁ရာချုပ် ၄း၁၀)<br>ဂုဏ်အသရေရှိသူဖြစ်လာသည်။(၁ရာချုပ် ၄း၉) | ကျွန်ုပ်တတို့၏ တောင်းဆိုမှုကို ဘုရားပေးသည့်အခါ<br>ဂုဏ်အသရေရှိသူဖြစ်လာနိုင်သည်။ |

| | |
|---|---|
| ဆုတောင်းချက်<br>(၁) ကျွန်ုပ်ကို ကောင်းကြီးပေး၍<br>(၂) ကျွန်ုပ်နေရပ်ကို ကျယ်ဝန်းစေပါ<br>(၃) လက်တော်သည် ကျွန်ုပ်နှင့်အတူ၍<br>(၄) ဘေးဥပဒ်မှ စောင့်ထိန်းကာကွယ်ပြီး<br>(၅)ကျွန်ုပ်ကို မထိခိုက်မနာကျင်စေရန် မစပါ။ | ဤအရာသည် ကျွန်ုပ်တို့၏ ဆုတောင်းချက်ဖြစ်ရမည်။ |

(၁) နာကျင်မှုသည် ဟေဗြဲစကားအားဖြင့် Otsev ဖြစ်သည်။ ဤစကားလုံးသည် ဗာဗုလုန်သိမ်းသွားခြင်း၌ ဣသရေလလူတို့ခံရသည့် ဝမ်းနည်းခြင်းကို ရည်ညွှန်းဖော်ပြသည်။

ဟေရှာယ ၁၄း၃ _ "ထထိုအခါ ထာဝရ ဘုရားသည်သင့်ကို ငြိုငြင်ခြင်း၊ စိုးရိမ်ခြင်း၊ သူတပါးစေစား၍ဆင်းရဲစွာ အစေခံရခြင်းထဲက နှုတ်၍ချမ်းသာပေးတော်မူလျှင်၊"

(၂) "ဂုဏ်အသရေ"သည် khaved ဟူသည့် စကားဖြစ်၍ အဓိပ္ပါမှာ ဘုန်းအသရေထွန်းတောက်ခြင်းဖြစ်သည်။ ဤစကားလုံးကို ဣသရေလလူတို့အားဗာဗုလုန်ကျွန်ခံရာ နေရာမှ လွတ်မြောက်စေ၍ ချီးမြှောက်ကောင်းကြီးပေးမည့် ကတိတော်ကို ရည်ညွှန်းဖော်ပြရာ၌ အသုံးပြုသည်။

ဟေရှာယ ၄၃း၄_ "သင်သည် ငါမြတ်နိုးရာဖြစ်သောကြောင့် အသရေရှိပြီး၊ ငါလည်း ချစ်၏။ ထို့ကြောင့်၊ သင့်အတွက် လူတို့ကိုင၏၊ သင်၏ အသက်အတွက် လူမျိုးတို့ကို ၎င်းငါပေးမည်။"

ဗာဗုလုန်ကဲ့သို့သော ဤလောကအရာမှ လွတ်မြောက်၍ ကောင်းကင်နိုင်ငံတော်သို့ဝင်ခွင့်ရသည့်အခါ ကျွန်ုပ်တို့၏ နာကျင်ဝမ်းနည်းမှုများ အဆုံးသတ်၍ ဂုဏ်အသရေရှိသူများဖြစ်လာကြမည်။

ဗျာဒိတ် ၁၈း၄_ “အခြားသောကောင်းကင်အသံကား၊ ငါ၏ လူမျိုးတို့၊ သူတို့၏အပြစ်တို့ကို ဆက်ဆံခြင်းနှင့်၎င်း၊ သူ၏ဘေးဒဏ်များကို ခံခြင်းနှင့်၎င်း၊ ကင်းလွတ်အံ့သောငှါ၊ သူ၏အထဲကထွက်ကြလော့။”

နိဂုံးချုပ် - ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်း ယေရှုခရစ်တော်ကို ဦးစားပေးခြင်း

(၁) ရာဇဝင်ချုပ်ဆွေစဉ်မျိုးဆက်၏ ဆက်စပ်တည်ဆောက်ပုံ

က. ၁ရာချုပ်၁း၁-၅၄ ဣသရေလရှေ့၌ရှိသော ကမ္ဘာ(ဣသရေလအမြစ်)

ခ. ၁ရာချုပ် ၂း၁-၂ ဣသရေလ၏သားများအားလုံး

ဂ. ၁ရာချုပ် ၂း၃-၄း၂၃ ယုဒ-ဒါဝိဒ် ဘုရင်၏မျိုးနွယ်စု

ဃ. ၁ရာချုပ် ၄း၂၄-၅း၂၆ ဣသရေလ မျိုးနွယ်များ

င. ၁ရာချုပ် ၆း၁-၄၇ ယဇ်ပုရောဟိတ်နှင့်လေဝိမျိုးဆက်များ

စ. ၁ရာချုပ် ၆း၄၈-၄၉ ယဇ်ပုရောဟိတ်တို့၏တာဝန်များ

စ. ၁ရာချုပ် ၆း၅၀-၅၃ ယဇ်ပုရောဟိတ်မင်းများ

င. ၁ရာချုပ် ၆း၅၄-၈၁ အခြေချချိန်၌ရှိသည့် လေဝိမျိုးဆက်များ

ဃ. ၁ရာချုပ် ၇း၁-၄၀ ဣသရေလ မျိုးနွယ်များ

ဂ. ၁ရာချုပ် ၈း၁-၄၀ ဘင်ဂျမင်-ရှောလုဘုရင်၏ မျိုးနွယ်စု

ခ. ၁ရာချုပ် ၉း၁(က) ရေတွက်ခံရသည် ဣသရေလ လူအားလုံး

က. ၁ရာချုပ် ၉း၁(ခ)-၃၄ ဣသရေလကိုပြန်လည်တည်ဆောက်ခြင်း

(၂) ယဇ်ပုရောဟိတ်မင်း ဆိုင်ရာဆွေစဉ်မျိုးဆက်ကိုဦးစားပေးခြင်း

(၁) ယေရှုသည် မေလခိဇေဒက် ကဲ့သို့သော ယဇ်ပုရောဟိတ်မင်းဖြစ်သည်။

ဟေဗြဲ ၆း၂၀_ “မေလခိဇေဒက်နည်းတူ၊ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သောယေရှုသည်၊ ငါတို့အတွက်၊ ထိုအတွင်းအရပ်ထဲသို့ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏။”

(၂) မေလခိဇေဒက် အစဉ်အလာ၌ ဆွေစဉ်မျိုးဆက်မရှိ။

ဟေဗြဲ ၇း၁-၃_ “မင်းကြီးများကို လုပ်ကြံရာမှ ပြန်လာသော အာဗြဟံကို ခရီးဦးကြိုပြု၍ ကောင်းကြီးပေးပြီးလျှင်၊ အာဗြဟံ လှူသော လက်ရဥစ္စာရှိသမျှကို ဆယ်ဘို့တစ်ဘို့ခံယူသော ထိုရှာလင်မင်းတည်းဟူသော အမြင့်ဆုံးသော ဘုရား၏ယဇ်ပုရောဟိတ် မေလခိဇေဒက်သည် နာမရင်းအနက်အားဖြင့် တရားမင်း၊ ထိုမှတပါး၊ ငြိမ်သက်ခြင်းမင်းဟု ဆိုလိုသော ရှာလင်မင်း ဖြစ်လျက်၊ အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြားမရှိပဲ ဘုရားသခင်၏ သားတော်နှင့်တူ၍၊ ယဇ်ပုရောဟိတ်အရာ၌ အစဉ်အမြဲတည်၏။”

(၃) လူ့ဇာတိ ခံယူရန် သခင်ယေရှုသည် ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေဖြစ်တည် ခဲ့သည်။

မဿ ၁း၁၈_ “ယေရှုခရစ်သည် ဘွားမြင်ခြင်းကို ခံတော်မူသော အကြောင်း အရာဟူမူကား၊ မယ်တော်မာရိသည် ယောသပ်နှင့် ထိမ်းမြားဆောင်နှင်း၍ မရုက်တင် မီတွင်သန့်ရှင်းသော ဝိညာသ်တော်ကြောင့် ပဋိသန္ဓေစွဲနေ၏။

ထို့ကြောင့် သခင်ယေရှု၏ ဆွေစဉ်မျိုးဆက်မရှိခြင်းသည် အရေးကြီးပါသည်။

(၄) ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ဝင်စားရန် ကျွန်ုပ်တို့သည်လည်း မေလခိဇေဒက် ကဲ့သို့ဖြစ်ရန်လိုအပ်ပါသည်။

ယောဟန် ၁း၁၂_ “ထိုသူကို လက်ခံသမျှသောသူတည်းဟူသောကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။”

ယောဟန် ၃း၅ _ “ယေရှုကလည်း၊ ရေနှင့် ဝိညာဉ်တော် မမွေးသောသူ မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။”

၁ကော ၁၂း၃_ “ထိုကြောင့်ဘုရားသခင်၏ ဝိညာသ်တော်အားဖြင့် ဟောပြော၍ အဘယ်သူမျှယေရှုကို မကျိန်ဆဲနိုင်သည်ကိုင၎်း၊ ယေရှုသည် သခင်ဘုရား

ဖြစ်တော်မူ၏ဟု သန့်ရှင်းသော ဝိညာဉ်တော်ကို အမှီမပြုလျှင်၊ အဘယ်သူမျှ မပြောနိုင်သည်ကိုငင်း၊ သင်တို့သည် သိနားလည်စေခြင်းငှါ ငါသတိပေး၏။"

မဿဲ ၁၀း၃၇-၃၈_ " အကြင်သူသည်ငါ့ကို ချစ်သည်ထက်မိဘကို သာ၍ ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်၊ အကြင်သူသည်ငါ့ကို ချစ်သည်ထက် သားသမီး ကိုသာ၍ ချစ်၏။ ထိုသူသည်ငါနှင့် မထိုက်တန်။ အကြင်သူသည် မိမိလက်ဝါးကပ် တိုင်ကို ထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့်မထိုက်တန်။"

2021. 09. 18

# SINGAPORE

## HISTORY OF REDEMPTION SEMINAR

Lecture 2

HORA
The History of Redemption for All Nations

# ရွေးနှုတ်ကယ်တင်ခြင်းသမိုင်း သင်တန်း (၂)
# ယေရှုခရစ်တော်၊ ထာဝရယဇ်ပုယောဟိတ်မင်း
# (ရာဇဝင်ချုပ်ပထမစာစောင် ၄း၉-၁၀)

ယဇ်ပုရောဟိတ်မင်းသည် "Kohen gadto" ဟူသည့် ဟေဗြဲစကားမှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ "ယဇ်ပုယောဟိတ်ကြီး၊ ကြီးမြတ်သောယဇ်ပုယောဟိတ်" ဖြစ်၍ နောက်ထပ် ဟေဗြဲစကား "Kohen rosh" ၏ အဓိပ္ပါယ်မှာ "ဦးဆောင်ယဇ်ပုယောဟိတ်" ဖြစ်သည်။

ဝတ်ပြုရာကျမ်း ၂၁း၁၀ "မိမိအမျိုးသားချင်းတို့တွင် အဝတ်တန်ဆာဆက်လျက် အရာ၌ ခန့်ထား၍ မိမိခေါင်းပေါ်မှာ ဆီလောင်းခြင်းဘိသိက်ကို ခံသော ယဇ်ပုရောဟိတ်မင်းသည် မိမိခေါင်း၌ တန်ဆာကို မချွတ်ရ။ မိမိအဝတ်ကို မဆုတ်ရ။

ဓမ္မဟောင်းယဇ်ပုရောဟိတ်မင်းသည် စစ်မှန်သော ယဇ်ပုရောဟိတ်မင်းယေရှုကို ပုံဆောင်သည်။

ဟေဗြဲ ၃း၁ "ထိုသို့ဖြစ်လျှင်၊ ကောင်းကင်ဘုံနှင့် စပ်ဆိုင်သော ခေါ်ဘိတ်တော်မူခြင်း ကျေးဇူးကို ခံရသောသူ၊ သန့်ရှင်းသောညီအစ်ကိုတို့၊ ငါတို့ဝန်ခံသော တမန်တော်နှင့် ယဇ်ပုရောဟိတ်မင်းတည်းမှုသော ယေရှု၏ အကြောင်းကို စေ့စေ့ဆင်ခြင်ကြလော့။

ယေရှုသည် ကျွန်ုပ်တို့၏ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သည်။ ဟေဗြဲ ၆း၂၀ " မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ် မင်းဖြစ်သော ယေရှုသည် ငါတို့အတွက် ထိုအတွင်း အရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏။

ဆာလံ ၁၁၀း၄ "ထာဝရဘုရားက သင်သည်မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍ နောက်တဖန်တော်ပြောင်းလဲခြင်း ရှိတော်မမူ။

(၁) ယဇ်ပုယောဟိတ်မင်းကို လူတို့အထဲမှ ရွေးကောက်သည်။

(၁) ဓမ္မဟောင်းယဇ်ပုရောဟိတ်မင်းသည် လူဖြစ်သည်။

ဟေဗြဲ ၅း၁ "ယူတို့တွင် ရွေးကောက်သောယဇ်ပုရောဟိတ်မင်း မည်သည်ကားပူဇော်သက္ကာကို ၎င်းအပြစ်ဖြေရာယဇ်ကို ၎င်းပူဇော်ရန်လူတို့အတွက် ဘုရားဝတ်ကိုပြုစေခြင်းငှာ ခန့်ထားတော်မူသောမူဖြစ်၏။

(၁) ယဇ်ပုရောဟိတ်မင်းကိုလူတို့တွင် ရွေးချယ်ခဲ့သည်။

ဟေဗြဲ ၅း၁ ၌ "ရွေးကောက်"ဟူသည် စကား (Lambano) ကို အတိတ်သဒ္ဒါန်ကို အသုံးပြုထားပြီး "ဖမ်းဆုပ်သည်၊ ရွေးချယ်သည်"ဟု အဓိပ္ပါယ်ရပါသည်။

(၂) သူသည် ပူဇော်သက္ကာနှင့် အပြစ်ဖြေရာယဇ်နှစ်မျိုးစလုံးကို ပူဇော်ဆက်သရသည်။

ဟေဗြဲ ၅း၁ "သူတို့တွင် ရွေးကော်သောယဇ်ပုရောဟိတ်မင်း မည်သည်ကား၊ ပူဇော်သက္ကာကိုဎင်း၊ အပြစ်ဖြေရာယဇ်ကိုဎင်း ပူဇော်၍ သူတို့အတွက် ဘုရားဝ်ကို ပြုစေခြင်းငှါ ခန့်ထားတော်မူသောသူဖြစ်၏။

ဟေဗြဲ ၈း၃ "ယဇ်ပုရောဟိတ်မင်းမည်သည်ကား၊ ပူဇော်သက္ကာနှင့်ယဇ်ကို ပူဇော်စေခြင်းငှါ ခန့်ထားလျက်ရှိသည်ဖြစ်၍၊ ငါတို့ယဇ်ပုရောဟိတ်မင်းသည်လည်း ပူဇော်စရာယဇ်တစ်ခုတစ်ခုရှိရ၏။

(၂) ယေရှုသည် ဘုရားဖြစ်သော်လည်း လူသားအနေဖြင့်ကြွလာသည့် ယဇ်ပုရောဟိတ်မင်း ဖြစ်သည်။

ယောဟန် ၁း၁ "အစအဦး၌ နှုတ်ကပါတ်တော်ရှိ၏။ နှုတ်ကပါတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပါတော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။"

ယောဟန် ၁း၁၄ "နှုတ်ကပါတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍ ကျေးဇူးတော်နှင့်ဎင်း သစ္စာတော်နှင့် ဎင်းပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသောလာတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။

(၁) ပြောင်းလဲခြင်း မရှိသောယဇ်ပုရောဟိတ် (ယဇ်ပုရောဟိတ်မင်းနေရာသည် အပြောင်းအလဲမရှိပါ)။

ဟေဗြဲ ၇း၁၂ "ယဇ်ပုရောဟိတ်အမျိုးသည် ပြောင်းလဲလျှင်၊ ပညတ်တရားသည် မပြောင်းလဲဘဲ မနေနိုင်ရာ။"

(၂) ထာဝရယဇ်ပုရောဟိတ်မင်း

ဟေဗြဲ ၆း၂၀ "မေလခိဇေဒက်နည်းတူ၊ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သော ယေရှုသည်၊ ငါတို့အတွက် ထိုအတွင်းအရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏။

(၃) ရွေးနှုတ်ကယ်တင်ခြင်း သမိုင်း၌ထူးခြားချက်။

(၁) ယေရှုတစ်ပါးတည်းသာလျှန်တရားနှင့် လူစပ်ကြား၌ စစ်မှန်သောကြားခံ ဆက်သွယ်ပေးသူဖြစ်သည်။

၁တိမောသေ ၂း၅ "ဘုရားသခင်တဆူးတည်းရှိတော်မူ၏၊ ဘုရားသခင်နှင့်လူတို့၏ စပ်ကြားမှာ လူဖြစ်သောယေရှု ခရစ်တည်းဟူသော အာမခံတဦးတည်းရှိ၏။

(၂) ယေရှုတစ်ပါးတည်းသာ၍ အပြစ်ကင်းစင်သည်။

ဟေဗြဲ ၇း၂၇ "အခြားသောယဇ်ပုရောဟိတ်မင်းတို့သည် ကိုယ့်အပြစ်ကြောင်း

၎င်း၊ လူများအပြစ်ကြောင့်၎င်း၊ နေ့တိုင်းယဇ်ပူဇော်ရသကဲ့သို့ ထိုသခင်သည် ယဇ်ပူဇော်စရာကြောင်းမရှိ။ အဘယ်ကြောင့် နည်းဟူမူကား၊ မိမိကိုယ်ကို တစ်ခါတည်း ယဇ်ပူဇော်၍ ထိုအမှုကို ပြီးစေတော်မူပြီ။

ဟေဗြဲ ၄း၁၅ "ငါတို့ယဇ်ပရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသော သူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။

၂ကော ၅း၂၁ "အဘယ့်ကြောင့် နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူတို့ကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင် ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း။

(၂) ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌါနတော်ထဲသို့ တစ်နှစ်လျှင်တစ်ကြိမ် ဝင်ရောက်သည်။

(၁) မည်သည့်အချိန်၌ ဝင်ရောက်သနည်း။ အပြစ်ဖြေရာနေ့၊ ၇လပိုင်း ၁၀ ရက်မြောက်နေ့။

ဟေဗြဲ ၉း၇ "ဒုတိယတဲတော်အတွင်းသို့ ယဇ်ပုရောဟိတ်မင်းတစ်ပါးတည်းသော မိမိအပြစ်ကြောင့်၎င်း၊ လူများအပြစ်ကြောင်း၎င်း၊ ပူဇော်သောအသွေးကိုဆောင်၍ တစ်နှစ်လျှင်တစ်ခါတည်းသာဝင်ရ၏။

ဝတ်ပြုရာကျမ်း ၂၅း၉ "သတ္တမလဆယ်ရက်ပို့ အပြစ်ဖြေခြင်းပြုရာနေ့၌ ယုဘိလတံပိုးကို တပြည်လုံး မှုတ်စေရမည်။

ဝတ်ပြုရာကျမ်း ၁၆း၂၉ "သင်တို့သည်အစဉ်စောင့်ရသော ပညတ်တော်ဟူမူကား၊ အမျိုးသားခြင်းဖြစ်၏။ သင်တို့တွင် တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ သတ္တမလဆယ်ရက်နေ့၌ အလုပ်ကို အလျှင်းမလုပ်၊ ခြိုးခြံစွာ ကျင့်လျက်နေရကြမည်။

(၂) ဘယ်နှစ်ခေါက်ဝင်ရောက်ရပါသနည်း။ ၄ ခေါက်ဝင်ရောက်ရပါသည်။

(၃) ပထမအခေါက်၌ယဇ်ပလ္လင်မီးခဲနှင့်ပြည့်သောလင်ပန်းဖြင့် ဝင်ရောက်ရပါသည်။

ဝတ်ပြုရာကျမ်း ၁၆း၁၂ "ထာဝရဘုရားရှေ့တော်ယဇ်ပူပလ္လင်မီးခဲ့နှင့် ပြည့်သောလင်း

ပန်းကို ကိုင်လျက်၊ ညက်စွာသော နံ့သာပေါင်းမွှေးအမှုန့်ကို မိမိလက်၌ အကြည့်ယူ၍ ကုလားကာအတွင်းသို့ ဆောင်သွားရမည်။

ဆုမကောင်းပဲ ဝင်ရောက်ပါက သေနိုင်ကြောင်း ဖော်ပြနေပါသည်။

ဗျာဒိတ် ၅း၈ "ထိုစာစောင်ကို ခံယူသောအခါ၊ သတ္တဝါလေးပါးနှင့် အသက်ကြီးသူ နှစ်ဆယ်လေးပါးတို့သည် သန့်ရှင်းသူတို့၏ ပဌနာတည်းဟူသော မီးရှို့ရာ၊ သာပေါင်းနှင့်ပြည့်သော ရွှေဖလားတို့ကိုင်၍၊ စောင်းတို့ကိုင်၍၊ အသီးသီးကိုင်၍ သိုးသူငယ်ရှေ့၌ ပြပ်ဝပ်လျက်

ဆာလံ ၁၄၁း၂ "အကျွန်ုပ်၏ ပဌနာသည် မီးရှို့သောနံ့သာပေါင်းကဲ့သို့၎င်း လက်ကို ချီခြင်းသည် ညဦးယံမှုဇော်သက္ကာကဲ့သို့၎င်း ရှေ့တော်၌ ပြင်ဆင်လျက်ရှိပါစေသော။

(၂) ဒုတိယအခေါက်၌ နွားအသွေးဖြင့် ဝင်ရောက်ရပါသည်။

ဝတ်ပြု ၁၆း၁၄ "နွားအသွေးအမျိုးအချို့ကိုလည်းယူ၍၊ အရှေ့မျက်နှာဘက် သေတ္တာဖုံးအပေါ်၌ လက်ညိုးနှင့် ဖြန်းရမည်။ သေတ္တာဖုံးရှေ့၌လည်း ခုနှစ်ကြိမ်တိုင်အောင် လက်ညိုးနှင့် ဖြန်းရမည်။

ခုနှစ်ကြိမ်အသွေးဖြန်းခြင်းသည် ပြည့်စုံသော အပြစ်ဖြေခြင်းကို ကိုယ်စားပြုသည်။

ဝတ်ပြု ၁၆း၁၁ "အာရုန်သည် မိမိနှင့်ဆိုင်သောအပြစ်ဖြေရာယဇ်နွားကိုဆောင်ခဲ့ပြီးလျှင် မိမိအဘို့နှင့် မိမိအိမ်သူအိမ်သားများအဘို့အပြစ်ဖြေခြင်းကိုပြု၍ မိမိနှင့်ဆိုင်သော အပြစ် ဖြေရာယဇ်နွားကို သတ်ရမည်။

(၃) တတိယအခေါက်၌ ဆိတ်အသွေးဖြင့် ဝင်ရောက်ရပါသည်။

ဝတ်ပြု ၁၆း၁၅ "ထိုနောက်လူများနှင့်ဆိုင်သော အပြစ်ဖြေရာ ယဇ်ဆိတ်ကိုသတ်၍ အသွေးကို ကုလားကာအတွင်းသို့ ဆောင်ခဲ့ပြီးလျှင် နွားအသွေးကို ဖြန်းသကဲ့သို့ သေတ္တာဖုံးအပေါ်၌၎င်း ရှေ့၌၎င်းဖြန်းရမည်။

(၄) စတုတ္ထအခေါက်၌ မီးလင်ပန်းကို ပြန်ယူဖို့ ဝင်ရောက်ရပါသည်။

ပထမအခေါက်၌ သူယူသွင်းခဲ့သည့် မီးလင်ပန်းကို ပြန်လည်ယူဆောင်ရပါသည်။
(Mishnah, Yoma 2:1, 8:4)

(၃) အသန့်ရှင်းဆုံးဌာနတော်မှ တတိယ အကြိမ်ပြန်လည်ထွက်ခွါချိန်နှင့် စတုတ္ထ အကြိမ်ပြန်လည် မဝင်ရောက်မှီ ယဇ်ပုရောဟိတ်မင်းလုပ်ဆောင်သည့်အရာများ

(၁) ကိုယ်စားခဲ့ရသည့် ဆိတ်ပေါ်သို့ လက်တင်သည်။
ဝတ်ပြု ၁၆း၂၁ "အာရုန်သည် အသက်ရှင်သော ဆိတ်ခေါင်းပေါ်မှာ လက်နှစ်ဘက်ကို တက်လျက်၊ ဣသရေလအမျိုးသားတို့၏ ဒုစရိုက်မှစ၍ ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှ တို့ကို ဘော်ပြ၍ ဆိတ်ခေါင်းပေါ်မှာ တင်ထားပြီးလျှင် တော်လျော်သောလူတွင် တောသို့ စေလွှတ်ရမည်။

(၂) အသန့်ရှင်းဆုံးဌာနတော်ထဲသို့ ဝင်ရောက်သည့်အခါ ဝတ်ဆင်သည့် ပိတ်စများ အဝတ်ကို ချွတ်ပါသည်။

ဝတ်ပြု ၁၆း၂၃ "တဖန်အာရုန်သည် ပရိတ်သတ်စည်းဝေးရာတဲတော်ထဲသို့ ဝင်၍ သန့်ရှင်းရာဌာနတော်ထဲသို့ အရင်သင်သောအခါ ဝတ်သောပိတ်ချောအဝတ်ကို ချွတ်၍ ထိုအရပ်၌ထားရမည်။

(၃) ကိုယ်ခန္ဓာကိုနေဖြင့်ချိုးသောင်းသန့်၍ စေ၍ မိမိဝတ်ရုံကိုပြန်လည်ဝတ်ဆင်သည်။ (ယဇ်ပုရောဟိတ်မင်း၏ ထူးဆန်းသော ဝတ်ရုံ)

ဝတ်ပြု ၁၆း၂၄ "သန့်ရှင်းရာဌာန၌ ကိုယ်ကို ရေချိုး၍ မိမိအဝတ်ကိုဝတ်ပြီးမှ တဖန် ထွက်လာ၍ မိမိမီးရှို့ရာယဇ်၊ လူများမီးရှို့ရာယဇ်ကို ပူဇော်သဖြင့် မိမိအဘို့နှင့် လူများအဘို့ အပြစ်ဖြေခြင်းကို ပြုရမည်။

(၄) မီးဖြင့်ပူဇော်သက္ကာကိုပူဇော်သည်။ (နေ့စဉ်ပူဇော်ရသည့် ပူဇော်သက္ကာ)

ဝတ်ပြု ၁၆း၂၄ "သန့်ရှင်းရာဌာန၌ ကိုယ်ကိုရေချိုး၍ မိမိအဝတ်ကိုဝတ်ပြီးမှ တဖန် ထွက်လာ၍ မိမိမီးရှို့ရာယဇ်၊ လူများမီးရှို့ရာယဇ်ကို ပူဇော်သဖြင့် မိမိအဘို့နှင့် လူများအဘို့ အပြစ်ဖြေခြင်းကို ပြုရမည်။

ယောဟန် ၁၃း၁၀ " ယေရှုကလည်း ရေချိုးပြီးသောသူမည်သည့် ကာခြေဆေးခြင်းမှ တစ်ပါး ဆေးရသောအကြောင်းမရှိ။ တကိုယ်လုံးစင်ကြယ်၏။ သင်တို့သည် စင်ကြယ် သော်လည်း အချို့မစင်ကြယ်ဟု မိန့်တော်မူသတည်း။

(၅) ပိတ်ချောဝတ်စုံအသစ်ကို ဝတ်ဆင်၍ အသန့်ရှင်းဆုံးဌာနတော်ထဲသို့ စတုတ္ထအကြိမ် ဝင်ရောက်ပါသည်။ (Mishnah, the book of ur Heritage)

(၄) ရွေးနှုတ်ကယ်တင်ခြင်းသမိုင်း၌ ထူးခြားချက်

(၁) လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ယေရှုအသေခံသည့်အချိန်၌ သန့်ရှင်းရာဌာနတော်နှင့် အသန့်ရှင်းဌာနတော်စပ်ကြားကို ကုလားကာ နှစ်ခြမ်းကွဲခဲ့ပါသည်။

မဿဲ ၂၇း၅၀-၅၁ "ယေရှုသည် ကြီးသောအသံနှင့် တဖန်ကြွေးကြော်ပြီးလျှင် အသက် တော်ကို မွတ်တော်မူ၏။ ထိုအခါဗိမာန်တော်၏ ကုလားကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏။

ဟေဗြဲ ၁၀း၂၀ "ထိုကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ ဝင်ရသောအခွင့်ရှိသဖြင့်ဝင်း

(၂) ယဇ်ပုရောဟိတ်မင်းသည် ခိုလှုံရာမြို့၌ လွတ်မြောက်ခြင်းကို ပေးသည်။

(၁) ခိုလှုံရာမြို့ဆိုသည်မှာ အဘယ်နည်း။

မရည်ရွယ်ပဲ မတော်တဆ လူသတ်မိသူများပြေးဝင်ခိုလှုံသည့် နေရာဖြစ်သည်။

ယေရှု ၂၀း၂-၃ "သင်သည် ဣသရေလအမျိုးသားတို့အားဆင့်ဆိုရမည်မှာ ငါသည် မောရှေအားဖြင့်မှာထားသည်အတိုင်း၊ လူ့အသက်ကို သတ်မည်ဟုအကြံမရှိဘဲ အမှတ်တမဲ့ သတ်မိသောသူသည် ပြေး၍ မှီခိုရာမြို့တို့ကို ရွေးထားကြလော့။ သေစားသေစေသော သူလက်နှင့် လွတ်၍ မှီခိုရာ မြို့ဖြစ်ရသတည်း။

သူတစ်ပါးကို မုန်းတီးခြင်းသည် ကျွန်ုပ်တို့အား မရည်ရွယ်ဘဲ လူသတ်မိသူကဲ့သို့ ဖြစ်စေခဲ့ပါသည်။

၁ယော ၃း၁၅ "မိမိညီအစ်ကိုတို့ မုန်းသောသူမည်သည်ကား လူအသက်ကို သတ်သောသူဖြစ်၏။ လူ့အသက်ကို သတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရအသက် တည်သည်ကို သင်တို့သိကြ၏။

(၂) ခိုလှုံရာမြို့မှ ထွက်ခွာနိုင်မည့်တစ်တည်းသောနည်းလမ်း
--- ယဇ်ပုရောဟိတ်မင်းသေရမည်။

တောလည်ရာကျမ်း ၃၅း၂၅ "အကြောင်းမူကားထိုသူသည် ယဇ်ပုရောဟိတ်မင်း မသေမှီတိုင်အောင် မိမိမှီခိုသော မြို့ထဲမှာ နေရမည်။ ယဇ်ပုရောဟိတ် မင်းသေသောနောက်မှ ထိုသူသည် မိမိပိုင်သော မြေသို့ ပြန်ရသောအခွင့်ရှိ၏။

ယောရှု ၂၀း၆ ထိုသူသည် ပရိတ်သတ်ရှေ့သို့ ရောက်၍ တရားစီရင်ခြင်းကို မခံမှီသောဝင်း ထိုကာလ ယဇ်ပုရောဟိတ်မင်းမသေမှီသော်ငင်း၊ ထိုမြို့၌ နေရမည်။ ထို့နောက်မှ ပြန်လာ၍ အထက်ပြေးရသောမြို့၊ မိမိနေရင်းအိမ်၌ နေရသောအခွင့်ရှိရမည်ဟု မိန့်တော်မူသည်အတိုင်း -

(၃) ရွေးနှုတ်ကယ်တင်ခြင်း သမိုင်း၌ ထူးခြားချက် -
ယဇ်ပုရောဟိတ်မင်းသေဆုံးသည့် အချိန်ရောက်မှသာ ခိုလှုံသူသည် မိမိနေရာ အရပ်သို့ ပြန်သွားနိုင်သည်။ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်း သခင်ယေရှုလက်ဝါးကားတိုင်၌ အသေခံခြင်းကြောင့် ကျွန်ုပ်တို့အပြစ်များအားလုံးမှ လွတ်မြောက်၍ ကောင်းကင်နိုင်ငံတော်သို့ ပြန်ရောက်ရှိနိုင်ကြောင့် ဤအရာကဖော်ပြနေ ပါသည်။

ယောဟန် ၁၄း၁-၃ "တဖန်တုံယေရှုက၊ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာ အလုပ်ကို ပြင်ဆင်ပြီးမှ တဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။

ဟေဗြဲ ၂၀း၂၁-၂၂ "ဘုရားသခင်၏ အိမ်တော်ကို အုပ်စိုးသောယဇ်ပုရောဟိတ်မင်း ရှိသဖြင့်ငင်း၊ ငါတို့သည် သစ္စာနှင့် ပြည့်စုံသောသဘောရှိ၍ ဝိစိကိစ္စနှင့် ကင်းသောယုံကြည်ခြင်း၌ တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ် ကြကုန်အံ့။

နိဂုံးချုပ် - ယဇ်ပုရောဟိတ်မင်း ဆွေခန်မျိုးဆက်စာရင်း ၇၇ ဆက်ရှိပါသည်။

## (၁) ယဇ်ပုရောဟိတ်မင်းဆွေခန်မျိုးဆက် ၇၇ ဆက်စာရင်း

| | | | | | | |
|---|---|---|---|---|---|---|
| (၁)အာရှန် | (၂) ဗလီဇာ | (၃) ဖိနဟတ် | (၄) အဘိရှု | (၅)ဗုက္ကိ | (၆) ဩဇိ | (၇)ဇေရဟိ |
| (၈) မရာယုတ် | (၉) အာမရိ | (၁၀) အဟိတုပ် | (၁၁) ဇာဒုတ် | (၁၂) အဟိမတ် | (၁၃) အဇာရိယ | (၁၄) ယောဟနန် |
| (၁၅) အဇာရိယ | (၁၆) အာမရိ | (၁၇) အဟိတုပ် | (၁၈) ဇာဒုတ် | (၁၉) ရှာလုမ် | (၂၀) ဟိကိယ | (၂၁) အဇာရိယ |
| (၂၂) စီရာယ | (၂၃) ယဟောယဒတ် | (၂၄) ယေရှု | (၂၅) ယောယကိမ် | (၂၆) လျာရှိတ် | (၂၇) ယောယဒတ် | (၂၈) ယောဟနန် |
| (၂၉) ဂျက်ဒွာ | (၃၀) ဩနိယက် | (၃၁) ရှိမုန် | (၃၂) လာဇာ | (၃၃) မနာရှေ | (၃၄) ဩနိယက် | (၃၅) ရှိမုန် |
| (၃၆)ဩနိယက် | (၃၇) ဂျေးဆန် | (၃၈) မီနီလော့စ် | (၃၉) အယ်လ်-စီမက် | (၄၀) ဂျွန်နသန် အဲလပျူစ် | (၄၁) ရှိမုန် သက်စီ | (၄၂) ဂျွန်ဖိုင် |
| (၄၃) အရိစ္စတိုပျူးလက် | (၄၄) အလက်ဇန္ဒား ဂျေးနယက်စ် | (၄၅) ဟိုင်ကေ-းနက် | (၄၆) အရိစ္စတို ဗျူးလက် | (၄၇) ဟိုင်ကေ-းနပ် | (၄၈) အဲနက်ကီရု-းနက် | (၄၉) အန္တွားနေးလ် |
| (၅၀) အရိ-စ္စဗျူးလက် | (၅၁) အန-ၵနေးလ် | (၅၂)ယေရှု | (၅၃)ရှိမုန် | (၅၄) မသိယတ် | (၅၅) ဂျိုဆာ | (၅၆) စလာကာ |
| (၅၇)ယေရှု | (၅၈) ဂျိုဆာ | (၅၉) အန္နု | (၆၀) ကျွရှမေလ | (၆၁) လေဖိဇာ | (၆၂) ရှိမုန် | (၆၃) ယောသတ-ကာယာဖ |
| (၆၄) ယောနသန် | (၆၅) သီဩဖိ-လက် | (၆၆) ရှိမုန်က သီးယက်စ် | (၆၇) မသိယ | (၆၈)အဲ-လီယောနက် | (၆၉) ယေရှုဖတ် | (၇၀) အန္နာနိ |
| (၇၁)ကျွရှမေလ | (၇၂) ယောသတ-ကာဘီ | (၇၃) အန္နု | (၇၄) ယေရှု | (၇၅) ယေရှု | (၇၆) မသဲယ | (၇၇)ယနိယက်စ် |

## (၂) ယဇ်ပုရောဟိတ်မင်းသခင်ယေရှု၏ ဆွေခန်မျိုးဆက် ၇၇ ဆက်စာရင်း (လုကာ ၃း၂၃-၂၈)

| | | | | | | |
|---|---|---|---|---|---|---|
| (၁) ယေရှု | (၂) ယောဆပ် | (၃) ဧလိ | (၄) မဿတ် | (၅) လေဒိ | (၆) မေလခိ | (၇) ယန္န |
| (၈) ယောသပ် | (၉) မတ္တသိ | (၁၀) အာမုတ် | (၁၁)နာဟုံ | (၁၂) သေလိ | (၁၃) နဂ္ဂဲ | (၁၄) မာအတ် |
| (၁၅) မတ္တသိ | (၁၆) ရှေမိ | (၁၇) ယောသပ် | (၁၈) ယုဒ | (၁၉) ယောဟန္န | (၂၀) ရေသ | (၂၁)ဇောရုဗေလ |
| (၂၂) ရှာလ်သေလ | (၂၃) နေရိ | (၂၄) မေလခိ | (၂၅) အဒ္ဒိ | (၂၆) ကောသ | (၂၇) လေမောဒံ | (၂၈) ဧရ |
| (၂၉) ယောသေ | (၃၀) မီလျေဇာ | (၃၁) ယောရိမ် | (၃၂) မဿတ် | (၃၃) လေဝိ | (၃၄) ရှိမောင် | (၃၅) ယုဒ |
| (၃၆) ယောဆပ် | (၃၇) ယောနန် | (၃၈) လျောကိမ် | (၃၉) မေလေ | (၄၀) မဲနန် | (၄၁) မတ္တသ | (၄၂) နာသန် |
| (၄၃) ဒါဝိဒ် | (၄၄) ယေရှဲ | (၄၅) ဩဗက် | (၄၆) ဗောဇ | (၄၇) စာလမုန် | (၄၈) နာရှုန် | (၄၉) အမိနဒပ် |
| (၅၀) အာရံ | (၅၁) ဟေဇရုံ | (၅၂) ဖာရက် | (၅၃) ယုဒ | (၅၄) ယာကုပ် | (၅၅) ဣလက် | (၅၆) အာဗြဲဟံ |
| (၅၇) တေရ | (၅၈) နာခေါ် | (၅၉) စေရောက် | (၆၀) ရာဂေါ | (၆၁) ဖာလက် | (၆၂)ဟေဖာ | (၆၃) ရှာလ |
| (၆၄) ကာဣနန် | (၆၅) အာဇာဇဒ် | (၆၆) ရှေမ | (၆၇) နောဧ | (၆၈) ယာမက် | (၆၉)မသုရှလ | (၇၀) ဧနောက် |
| (၇၁) ယာရက် | (၇၂) မဟာ လေလေလ | (၇၃) ကာဣနန် | (၇၄) ဧနတ် | (၇၅) ရှေသ | (၇၆) အာဒံ | (၇၇) ဘုရားသ-ခင် |

(၃) ရွေးနှုတ်ကယ်တင်ခြင်း အစီအမံများ

(၁) သခင်ယေရှုသည် မေလခဇေဒက် ကဲ့သို့သော ထာဝရယဇ်ပုရောဟိတ်မင်း ဖြစ်သည်။

ဟေဗြဲ ၆း၁၀ "မေလခိဇေဒက်နည်းသူ ထာဝရယဇ်ပုရောဟိတ်မင်း ဖြစ်သော ယေရှုသည် ငါတို့အတွက် ထိုအတွင်းအရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏။

ဆာလံ ၁၁၀း၄ "ထာဝရဘုရားက သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍ နောက်တဖန် စိတ်ပြောင်းလဲခြင်းရှိတော်မမူ။

(၂) ယဇ်ပုရောဟိတ်မင်းသည် ဣသရေလလူမျိုးအားလုံးကို ကိုယ်စားပြု၍ နှုတ်ကပတ်တော်အားဖြင့် ဖြောင့်မတ်မှန်ကန်စွာ မိမိလူတို့အား မီးအိမ်သဖွယ် လမ်းပြရန် တာဝန်ရှိပါသည်။ သို့သော် ယဇ်ပုယောဟိတ်မင်းသည် ဤတာဝန်ကို မကျေပွန်ခဲ့ပါ။

ဝတ်ပြု ၂၄း၃-၄ "အာရုန်သည်လည်း ညဦးမှသည် နံနက်တိုင်အောင် ထာဝရဘုရားရှေ့တော်၌ ထိုအမှုကို စီရင်ရမည်။ သင်တို့အမျိုးအစဉ်အဆက်စောရသော ပညတ် တော်ဖြစ်သတည်း။ စင်ကြယ်သော မီးခုံ၌ မီးခွက်များကို အာရုန်သည် ထာဝရဘုရားရှေ့တော်မှာ အစဉ်အမြဲဆင်ရမည်။

(၃) ယဇ်ပုယောဟိတ်မင်းသည် သခင်ယေရှုအချိန်၌ စစ်မှန်သော ယဇ်ပုရောဟိတ် မင်း သခင်ယေရှုအတွက်သက်သေခံပေးရမည့်သူဖြစ်သောလည်း သခင်ယေရှုကို ကားစင်တင် သတ်ဖြတ်ရာ၌ ဦးဆောင်ပါဝင်ခဲ့သည်။

မဿဲ ၁၆း၂၁ "ထိုမှတပါး ကိုယ်တော်သည် ယေရှုရှလင်မြို့သို့ သွားရမည်။ လူအကြီးအကဲ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့လက်၌ များစွာခံရမည်။ အသေသတ်ခြင်းကိုလည်းခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသော အကြောင်းများကို ထိုအခါမှစ၍ တပည့်တော်တို့အား ပြတော်မူ၏။

မာကု ၁၅း၁၀ "အဘယ့်ကြောင့် ဤသို့မေးသနည်းဟူမူကား၊ ယဇ်ပုရောဟိတ်အကြီးတို့သည် မနာလိုသောစိတ်နှင့် ယေရှုကို အပ်နှံကြောင်းကို သိ၏။

INSTITUTION CENTERED ON THE WORD OF REDEMPTIVE HISTORY

# Berit Theological Seminary And Graduate School

Berit (בְּרִית) means *covenant* in Hebrew. We have been given the calling to the pass on the covenant of the history of redemption in this age. Our online courses are affordable and designed for the busy student who is in ministry. BTS provides world-class Christocentric, Redemptive-historical lectures for church leaders that are accessible anywhere in the world and at any time of day.

## *Our Campuses*

**Korea Campus** *Available languages: Korean, English, Chinese, Indonesian*


- **Website** e.berit.kr
- **Tel** +82-2-2678-6464
- **Fax** +82-2-2678-6446
- **WhatsApp/WeChat** +82-10-8695-0299
- **E-mail** berit6464@daum.net
- **Address** 5F, Huisun B/d, 159, Dangsan-ro, Yeongdeungpo-gu, Seoul, Republic of Korea


**US Campus** *Available Languages: English, Spanish*


- **Website (English)** berit.us
- **Website (Spanish)** berit.us/es/
- **Tel/WhatsApp (English)** +1-516-633-6271, **WhatsApp (Spanish)** +1-863-242-0779
- **Email** admin@berit.us
- **Facebook (English)** www.facebook.com/berittheologicalseminary
- **Facebook (Spanish)** www.facebook.com/seminariotheologicoberit
- **Address** 4156 E. Oglethorpe Hwy, Hinesville, 31313, Georgia, USA


* USA only

## *Online Programs*

*Study Anywhere Online at Affordable Costs*

**Korea e.berit.kr / USA berit.us**

| Program | | # of Years | Admission Requirements |
|---|---|---|---|
| Bachelor of Biblical Studies (B.B.S) | | 2 years | High school diploma |
| Master's | Biblical Studies (M.B.S) | 2 years | Bachelor's degree |
| | Divinity (M.Div) | 2 years (Korea)<br>3 years (USA) | |
| Doctoral | Biblical Studies (D.B.S) | 2 years | M.B.S or M.Div degree from Berit |
| | Ministry (D.Min) | | M.Div degree from Berit or the equivalent from other accredited institutions |
| Transfer to Ivy Christian College, USA | | Can Vary | For those who wish to obtain a Bachelor's degree |
| Transfer Courses for All Programs | | 1 year | Contact school |
| Certificate in Mastering Redemptive History NEW! | | 1 year | For those who wish to learn the history of redemption |

### Admission Requirements

1. Application form
2. Diploma or proof of the highest level of education
3. A Letter of Recommendation
4. Transcript (Relevant for transfer students)
5. Submission Method: E-mail, Fax, Mail, Online

# History of Redemption *(Heilsgeschichte)*, the Overarching Theme That Opens Up the Bible

The Bible was written for the salvation of mankind. When we view every narration in the 66 books of the Bible through the overarching theme of "God's history of salvation," our eyes will be opened to the God's profound will therein.



"The greatest tradition of the 2,000-year church history is biblical research and prayer. Rev. Park's ministry has been very faithful to this tradition. I'm very impressed with his ministry and I just delight in his emphasis on the Word of God. Basically, the History of Redemption series was good. I am very impressed with his knowedlge of the Bible and his sound theology.

The author's evangelical faith is shown through the series and should be required to be read by many pastors in America."

**Dr. Bruce K. Waltke**

- World-renowned Old Testament Scholar
- NASB, NIV Translation Committee Member
- Professor Emeritus, Regent College
- Professor Emeritus, Knox Theological Seminary
- Former Professor, Westminster Theological Seminary
- Former Professor, Dallas Theological Seminary



"Just as God trained Apostle Paul in Arabia for 3 years before He used him, God trained Rev. Abraham Park in Mt. Jiri for 3 years in order to use him throughout the world."

**Dr. Warren A. Gage**

- Professor Emeritus of Old Testament, Knox Theological Seminary



## Author's Profile

- Born in Sariwon, Hwanghe-do, Korea
- B.A. in Corporate Management from Kookmin University
- M.Div. from the Presbyterian General Assembly Theological Seminary
- Honorary D. Min. from Lael College and Graduate School
- Honorary D.D. from Faith Theological Seminary
- Honorary D.D. from Knox Theological Seminary
- Former Moderator of the Hap-dong Conservative General Assembly of the Presbyterian Church in Korea

"Dr. Abraham Park helps us to understand the Bible saying that when we follow the Word, we can obtain eternal life and shine brightly like the lamp. His books are the result of extraordinary studies of the Bible."



### Dr. Norman Manohar

· President of Faith Theological Seminary



### Dr. Frank A. James III

· Professor of Historical Theology
· President of Biblical Theological Seminary
· Former President of Reformed Theological Seminary

"One simply cannot overstate the importance of Genesis as the foundational paradigm for all Christian thinking. Dr. Abraham Park is to be congratulated for his important and worthy contribution to our understanding of this foundational book. He carefully considers the 10 genealogies of Genesis and employs these genealogies to reveal the core of God's work of redemption in history, which find their ultimate expression in the work of Jesus Christ.
Dr. Abraham Park's book is a journey worth taking. I heartily recommend this insightful work. Read it, study it, pray over it, and then put its wisdom into your life and ministry!"

# SINGAPORE

## HISTORY OF REDEMPTION SEMINAR